ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၁၁ ၊ အမှတ် ၆

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်

## အကောက်ခွန်ဦးစီးဌာနတွင်သံဃာတော်(၁၀)ပါး အားပင့်ဖိတ်၍ဘုရားအနေကဇာတင်ပူဇော်ခြင်း၊ နေ့ဆွမ်းကပ်လှူခြင်းနှင့် နဝကမ္မအလှူငွေ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကျင်းပ။





**အကောက်ခွန်ဦးစီးဌာနတွင် သံဃာတော် (၁၀)ပါး အားပင့်ဖိတ်၍ ဘုရားအနေကဇာတင်ခြင်း၊ နေ့ဆွမ်းကပ်လှူခြင်းနှင့် နဝကမ္မအလှူငွေဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားအား ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ ဦးဆောင်၍ကျင်းပစဉ်။**


အကောက်ခွန်ဦးစီးဌာန၊ ၁၀-၉-၂၀၂၅ ရက်နေ့၊ နံနက် ၀၉:၃၀ နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ရှိ ဘုရားခန်းတွင် သံဃာတော်(၁၀)ပါးအား ပင့်ဖိတ်၍ ဘုရားအနေကဇာတင်ခြင်း၊ နေ့ဆွမ်းကပ်လှူခြင်းနှင့် နဝကမ္မအလှူငွေ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားအား ညွှန်ကြားရေးမှူးချုပ်မှ ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ မြေယာ/ အဆောက်အဦကိစ္စ၊ တားဆီးဖမ်းဆီးမှုကိစ္စရပ်များနှင့် အခွန်လျှော့ထားချက်ပြည့်မီစေရေးကိစ္စရပ်များအား လမ်းညွှန်မှာကြားခြင်း အစည်းအဝေးကျင်းပ။



**အကောက်ခွန်ဦးစီးဌာနတွင် ဆောင်ရွက်လျက်ရှိသော မြေယာအဆောက်အဦကိစ္စရပ်များ၊ တားဆီး/ဖမ်းဆီးရေးကိစ္စရပ်များနှင့် သက်ဆိုင်ရာနယ်မြေအလိုက် အခွန်လျှော့ထားချက်ပြည့်မီရေးကိစ္စရပ်များနှင့်ပတ်သက်၍ အစည်းအဝေးတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် (အုပ်ချုပ်မှုနှင့်စီမံရေးရာ) ဦးတင်ကိုထက်မှ အမှာစကားပြောကြားစဉ်။**

၂၀၂၅ ခုနှစ်၊ ၁၈-၉-၂၀၂၅ ရက်နေ့၊ ၁၄:၀၀ နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်) ဇေယျာသီဟခန်းမ၌ ဒုတိယညွှန်ကြားရေးမှူးချုပ်မှ ဦးဆောင်၍ Virtual စနစ်ဖြင့် တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများ၊ OSSတာဝန်ခံများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းတာဝန်ခံများ၊ မြို့နယ်မှူးများနှင့် အကောက်ခွန်ဦးစီးဌာနတွင်ဆောင်ရွက်လျက်ရှိသော မြေယာအဆောက်အဦကိစ္စရပ်များ၊ တားဆီး/ဖမ်းဆီးရေးကိစ္စရပ်များနှင့် သက်ဆိုင်ရာနယ်မြေအလိုက် အခွန်လျှော့ထားချက်ပြည့်မီရေးကိစ္စရပ်များနှင့် ပတ်သက်၍ အစည်းအဝေးအား ကျင်းပခဲ့ပါသည်။




**အကောက်ခွန်ဦးစီးဌာန၊မြေယာအဆောက်အဦကိစ္စရပ်များ၊ တားဆီး/ဖမ်းဆီးရေးကိစ္စရပ်များနှင့် သက်ဆိုင်ရာနယ်မြေအလိုက် အခွန်လျာထားချက်ပြည့်မီရေးကိစ္စရပ်များနှင့်ပတ်သက်၍အစည်းအဝေးတွင် စနစ်တကျစီမံဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်နှင့်တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းတာဝန်ခံများနှင့်မြို့နယ်မှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ဒုတိယညွှန်ကြားရေးမှူးချုပ် (အုပ်ချုပ်မှုနှင့်စီမံရေးရာ) ဦးတင်ကိုထက်မှ Video Conferencing ဖြင့်ဆွေးနွေးကျင်းပစဉ်။**

အစည်းအဝေးတွင် Trade Data စာရင်းများပေးပို့သည့်အခါတွင် သက်ဆိုင်ရာမြို့နယ်မှူးများ၊ တာဝန်ခံများမှ စာရင်းများမှန်ကန်မှုရှိစေရေး စနစ်တကျစိစစ်ကြပ်မတ်၍ ဆောင်ရွက်ရန်၊ လက်ကျန်အမှုတွဲများတွင် လကျော်သောအမှုတွဲများအား နယ်ရုံးများကြီးကြပ်ရေးဌာနခွဲအနေဖြင့် ခွင့်ပြု၍ရသောအမှုတွဲများ၊ တင်ပြ၍ရသောအမှုတွဲများအား အမြန်ဆုံးပေးပို့နိုင်ရန်၊ မြေယာပိုင်ဆိုင်မှုနှင့်ပတ်သက်၍ လာမည့်ရွေးကောက်ပွဲအပြီးတွင် အစိုးရအသစ်မှ မြေယာပိုင်ဆိုင်မှုများအား ပြန်လည်ကိုင်တွယ်ဆောင်ရွက်တော့မည်ဖြစ်၍ ဌာနမှ မြေယာပိုင်ဆိုင်မှုများနှင့်ပတ်သက်၍ အဆင်သင့်ဖြစ်စေရေး အမှုတွဲများအား ပြီးပြတ်အောင်ဆောင်ရွက်ရန်၊ (၂၀၂၅-၂၀၂၆) ဘဏ္ဍာနှစ်တွင် အခွန်ရငွေလျာထားချက်နှင့် အခြားရငွေလျာထားချက်များ ပြည့်မီကျော်လွန်စွာဆောင်ရွက်နိုင်ရေး ကြိုးပမ်းအားထုတ်ဆောင်ရွက်ရန်၊ တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရမိရေးဆောင်ရွက်ရာတွင် ယခင်ဆောင်ရွက်နေသည်ထက် ပိုမိုကြိုးပမ်းအားထုတ်ဆောင်ရွက်ရန်၊ ဌာနမှထုတ်ပြန်ထားသည့်အမိန့်နှင့် ညွှန်ကြားချက်များအပေါ် မိမိလက်အောက်မှဝန်ထမ်းများ သိရှိလိုက်နာဆောင်ရွက်ရန်အတွက် တာဝန်ရှိသူအဆင့်ဆင့်မှ ကြီးကြပ်ရန်၊ မိမိတို့အနေဖြင့် တရားမဝင်ကုန်သွယ်မှုကိစ္စရပ်များတွင် ပါဝင်ပတ်သက်မှုများမရှိစေရေးလေးထားလိုက်နာဆောင်ရွက်ရန်တို့အား အစည်းအဝေးဆုံးဖြတ်ချက်များအနေဖြင့် ချမှတ်ခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ဒု-လက်ထောက်အကောက်ခွန်မှူးရာထူးမှ လက်ထောက် အကောက်ခွန်မှူးရာထူးသို့ လူတွေ့စစ်ဆေးခြင်း စာမေးပွဲကျင်းပ။



**အကောက်ခွန်ဦးစီးဌာန၊ ဒု-လက်ထောက်အကောက်ခွန်မှူးရာထူးမှ လက်ထောက်အကောက်ခွန်မှူးရာထူးသို့ လူတွေ့စစ်ဆေးခြင်း စာမေးပွဲအား ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးထန့်စွမ်းပြောင်မှ လူတွေ့စစ်ဆေးမှုပြုလုပ်စဉ်။**

အကောက်ခွန်ဦးစီးဌာန၊ ၃၀-၉-၂၀၂၅ ရက်နေ့ နံနက် ၀၈:၀၀ နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ-၃၌ ဒု-လက်ထောက်အကောက်ခွန်မှူးရာထူးမှ လက်ထောက်အကောက်ခွန်မှူး ရာထူးသို့ လူတွေ့စစ်ဆေးခြင်း စာမေးပွဲအား ဖြေဆိုသူဦးရေ (၇၅) ဦးဖြင့် လူတွေ့စစ်ဆေးရေးအဖွဲ့ (ဥက္ကဋ္ဌ) ညွှန်ကြားရေးမှူး (ထောက်/ပို့) မှ ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ အဆောက်အဦဆောက်လုပ်ခြင်းနှင့်ဆေးသုတ်ခြင်းလုပ်ငန်း အတွက် လုပ်ငန်းဆောင်ရွက်နိုင်မှု အကဲဖြတ်ခြင်း အခမ်းအနားကျင်းပ။



**အကောက်ခွန်ဦးစီးဌာန၊ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၊ အဆောက်အဦဌာနစိတ်မှ ပြည်ထောင်စုငွေလုံးငွေရင်းဖြင့် တည်ဆောက်မည့် အဆောက်အဦဆောက်လုပ်ခြင်းနှင့်ဆေးသုတ်ခြင်း လုပ်ငန်းဆောင်ရွက်နိုင်မှု အကဲဖြတ်ခြင်းအခမ်းအနားတွင် ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးထန်စွမ်းပြောင်မှ ဆွေးနွေးပြောကြားစဉ်။**

ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၊ အဆောက်အဦဌာနစိတ်မှ ၁-၉-၂၀၂၅ ရက်နေ့တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်မည့် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတ မြို့နယ် RC (၆) ခန်းတွဲ၊ (၅)ထပ် အမှုထမ်းဝန်ထမ်းအိမ်ရာ (၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း (LOT-1) နှင့် အကောက်ခွန်ဦးစီး ဌာန၊ ရန်ကုန်(ရုံးချုပ်) အဆောက်အဦဆေးသုတ်ခြင်းလုပ်ငန်း (LOT-2) အတွက် လုပ်ငန်းဆောင်ရွက်နိုင်မှုအကဲဖြတ်ခြင်း အခမ်းအနားကျင်းပခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန၊ စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲ အရာထမ်း ၊ အမှုထမ်း မွမ်းမံသင်တန်း (၁/၂၀၂၅) ဖွင့်လှစ်ကျင်းပ။



အကောက်ခွန်ဦးစီးဌာန၊ စုံစမ်းစစ်ဆေးရေးနှင့်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲ (၁/၂၀၂၅) အရာထမ်းမွမ်းမံသင်တန်းတွင် စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးနေလင်းအောင်မှ သင်တန်းအဖွင့်အမှာစကားပြောကြားစဉ်။

အကောက်ခွန်ဦးစီးဌာန၊ သင်တန်းကျောင်း၌ စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဌာနခွဲ အရာထမ်း၊ အမှုထမ်းမွမ်းမံသင်တန်း (၁/၂၀၂၅) အား ဖွင့်လှစ်ခဲ့ပါသည်။ အကောက်ခွန်ဦးစီးဌာန၊ စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲရှိ ဝန်ထမ်းများ၏ အရည်အချင်းပိုမိုမြင့်တက်လာစေရေးအတွက် စီးပွားရေးမသမာမှုများနှင့် သတင်းရေးသားတင်ပြခြင်း၊ စုံစမ်းစစ်ဆေးရေးအရာရှိ အရည်အချင်း၊ လှုပ်ရှား စစ်ဆင်ရေးဆိုင်ရာများ ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာများ၊ တားဆီးဖမ်းဆီးစစ်ဆေးရေးဆိုင်ရာများနှင့် အကောက်ခွန်ဥပဒေနှင့်ဆက်စပ်ဥပဒေအကြောင်းတို့အား ၁-၉-၂၀၂၅ ရက်နေ့မှ ၁၂-၉-၂၀၂၅ ရက်နေ့ အထိ သင်တန်းပို့ချခဲ့ပြီးသင်တန်းသား ဦးရေ (၅၀) ဦး တက်ရောက်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်းဆိုင်ရာသင်တန်းပို့ချခြင်း။



**အကောက်ခွန်ဦးစီးဌာန၊ နိုင်ငံတကာရေးရာဌာနခွဲ၊ ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်းဌာနစု (HS Section) ၏ကုန်ပစ္စည်းအမျိုးအစား ခွဲခြားခြင်းဆိုင်ရာသင်တန်းအား နိုင်ငံတကာရေးရာဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အိပြည့်ဉာဏ်ဝင်းမှ ဆွေးနွေးပို့ချစဉ်။**

အကောက်ခွန်ဦးစီးဌာန၊ နိုင်ငံတကာရေးရာဌာနခွဲ၊ ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်းဌာနစု (HS Section) မှ ၁၅-၉-၂၀၂၅ မှ ၁၇-၉-၂၀၂၅ ရက်နေ့အထိ ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်းဆိုင်ရာသင်တန်းအား နံနက် ၀၈:၀၀ နာရီမှ ၀၉:၃၀ နာရီအထိ အကောက်ခွန်သင်တန်းကျောင်း၌ သင်တန်းပို့ချခဲ့ရာ အကောက်ခွန်ဦးစီးဌာန၏ ဌာနခွဲ (၁၂) ခုမှ သင်တန်းသား (၆၅) ဦး တက်ရောက်ခဲ့ပါသည်။ အဆိုပါသင်တန်းတွင် ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်းဌာနစုမှ တာဝန်ရှိသူများက HS သမိုင်းကြောင်းများ၊ HS ဖွဲ့စည်းတည်ဆောက်ပုံ၊ ယေဘုယျအဓိပ္ပာယ်ဖွင့်ဆိုချက်များ (GIRs)၊ HS Chapter (1 to 97) ရှိ အပိုင်း၊ အခန်း၊ ခေါင်းစဉ်၊ ခေါင်းစဉ်ခွဲများအား အခန်းအလိုက် ဆွေးနွေးပို့ချခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန၏ Rule of Origin ပင်ရင်းဒေသစည်းမျဉ်းဆိုင်ရာသင်တန်းပို့ချခြင်း။




**အကောက်ခွန်ဦးစီးဌာန၊ နိုင်ငံတကာရေးရာဌာနခွဲ၊ ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်းဌာနစု Rule of Origin ၏ ကုန်ပစ္စည်း အမျိုးအစားခွဲခြားခြင်း ဆိုင်ရာသင်တန်းအား နိုင်ငံတကာရေးရာဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မွန်မြတ်သူမှ ဆွေးနွေးပို့ချစဉ်။**

နိုင်ငံတကာရေးရာဌာနခွဲ၊ ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်းဌာနစု (HS Section) မှ ၁၉-၉-၂၀၂၅ ရက်နေ့ အထိ Rule of Origin ပင်ရင်းဒေသစည်းမျဉ်းဆိုင်ရာသင်တန်းအား နံနက် ၀၈:၀၀ နာရီ မှ ၀၉:၃၀ နာရီအထိ အကောက်ခွန်သင်တန်းကျောင်း၌ သင်တန်းပို့ချခဲ့ရာ အကောက်ခွန်ဦးစီးဌာန၏ ဌာနခွဲ (၁၂) ခုမှ သင်တန်းသား (၆၀) ဦး တက်ရောက်ခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် Rule of Origin ၏ ယေဘုယျ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ပင်ရင်းဒေသသတ်မှတ်ရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များ၊ ပင်ရင်းဒေသ သတ်မှတ်ခြင်းဆိုင်ရာ ကျင့်သုံးလျက်ရှိသော လုပ်ထုံး ၊ လုပ်နည်းများအား ဆွေးနွေးပို့ချခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာနရှိဝန်ထမ်းများ၏ လုပ်ငန်းခွင်စွမ်းဆောင်ရည်မြင့်တင်နိုင်စေရေး၊ X-Ray စက်မောင်းနှင်ခြင်း၊ ပုံရိပ်ဖတ်ခြင်း၊ X-Ray စက်နည်းပညာနှင့်ပတ်သက်၍ ပုံရိပ်ဖတ်နည်းပညာ သင်တန်းဖွင့်လှစ်ကျင်းပ။




**အကောက်ခွန်ဦးစီးဌာနရှိ ဝန်ထမ်းများ၏ လုပ်ငန်းခွင်စွမ်းဆောင်ရည်မြင့်တင်နိုင်စေရေး၊ X-Ray စက်မောင်းနှင်ခြင်း၊ ပုံရိပ်ဖတ်ခြင်း၊ X-Ray စက်နည်းပညာနှင့်ပတ်သက်၍ ပုံရိပ်ဖတ်နည်းပညာသင်တန်းပို့ချစဉ်။**

အကောက်ခွန်ဦးစီးဌာနရှိ ဝန်ထမ်းများ၏ လုပ်ငန်းခွင်စွမ်းဆောင်ရည် မြင့်တင်နိုင်စေရေး၊ X-Ray စက်မောင်းနှင်ခြင်း၊ ပုံရိပ်ဖတ်ခြင်း၊ X-Ray စက်နည်းပညာနှင့် ပတ်သက်၍ သိသင့်သိထိုက်သည့် အကြောင်းအရာများ သိရှိနိုင်စေရေးနှင့် တရားမဝင် တင်သွင်း/တင်ပို့မှုများအား ဖမ်းဆီး/ တားဆီးနိုင်စေရေး ရည်ရွယ်၍ ၁-၉-၂၀၂၅ ရက်နေ့တွင် ညွှန်ကြားရေးမှူး (ကာကွယ်ရေး)မှ ဦးဆောင်ပြီး အကောက်ခွန်သင်တန်းကျောင်းခန်းမ၌ X-Ray စက် ပုံရိပ်ဖတ်နည်းပညာသင်တန်း (၂/၂၀၂၅) အား သင်တန်းသား (၅၀) ဦး ဖြင့် ဖွင့်လှစ်ခဲ့ပါသည်။



အကောက်ခွန်ဦးစီးဌာန၊ ဓမ္မစကြာဝတ်ရွတ်အသင်းမှ ဝါတွင်းကာလ ဓမ္မစကြာနှင့် ပဋ္ဌာန်းဒေသနာတော်တို့အား ရွတ်ဖတ်ပူဇော်စဉ်။

အကောက်ခွန်ဦးစီးဌာနမှ ဝါတွင်းကာလအတွင်း ဓမ္မစကြာ၊ ပဋ္ဌာန်းဒေသနာတော်တို့အား ရွတ်ဖတ်ပူဇော်နိုင်ရေးအတွက် အဖွဲ့တစ်ဖွဲ့တွင် ဝန်ထမ်းအင်အား (၃၀) ဦးခန့်ဖြင့် အဖွဲ့(၂) ဖွဲ့ခွဲ၍ ရွတ်ဖတ်ပူဇော်ပြီး အဖွဲ့တစ်ဖွဲ့လျှင် လက်ထောက်ညွှန်ကြားရေးမှူး (၂) ဦးမှ ဦးဆောင်၍ လပြည့် ၊ လကွယ်နေ့များ၌ ရွတ်ဖတ်ပူဇော်လျက်ရှိပါသည်။ ဓမ္မစကြာ၊ ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်းအား ၅-၉-၂၀၂၅ ရက်နှင့် ၂၂-၉-၂၀၂၅ ရက်များတွင် ရွတ်ဖတ်ပူဇော်ခဲ့ပြီးဖြစ်ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ် ၊ စက်တင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၁၈၄၈၀.၃၄၇ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန် နယ်မြေဒေသများ၌ တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိဘဲ တင်သွင်း / တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရာဖွေ တားဆီးအရေးယူမှုများ ဆောင်ရွက် လျက်ရှိရာ စက်တင်ဘာလ (၁) ရက် မှ (၃၀) ရက် အထိ စုစုပေါင်း တားဆီး / ဖမ်းဆီးမှု ( ၁၅၃၁ ) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးကျပ် ( ၁၁၈၄၈၀.၃၄၇ ) သန်း ဖြစ်ပါသည်။

### ရန်ကုန် တားဆီး/ ဖမ်းဆီးမှု




၂၇-၈-၂၀၂၅ ရက်နေ့တွင် ရန်ကုန်မြို့၊ မုတ္တမ(လှိုင်သာယာ) ဆိပ်ကမ်းတွင် မြိတ်မြို့မှ ရန်ကုန်သို့ ဝင်ရောက်ဆိုက်ကပ်သော MV. MCL-15 ရေယာဉ်အား အကောက်ခွန်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (အုပ်ချုပ်မှုနှင့်စီမံရေးရာ) ဦးတင်ကိုထက် ဦးဆောင်၍ ရန်ကုန်တိုင်းဒေသကြီး၊ အကောက်ခွန်ဦးစီးဌာနမှူးရုံး ညွှန်ကြားရေးမှူး ဦးမောင်မောင်လွင် နှင့် ညွှန်ကြားရေးမှူး ဦးဇော်မင်းသိန်း တို့ဦးစီးသောအဖွဲ့ဖြင့် ၂၈-၈-၂၀၂၅ ရက်နေ့တွင် စတင်စစ်ဆေးခဲ့ရာ ကုန်ပါစာရင်းချုပ် (Manifest) တွင် ဖော်ပြထားခြင်းမရှိသော (PVC Reasin Powder) (Polyvinyl Chloride Resin Powder) (25 Kg/Bag) (118700 Kg) (C/O- China) (5548Bag) အပါအဝင် ကုန်ပစ္စည်း (၈)မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် ( ၂,၀၇၅,၅၁၆,၅၇၀/- )အား အမှုတွဲဖွင့်လုပ်စ၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ခုနှစ် ၊ စက်တင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၁၈၄၈၀.၃၄၇ ) သန်းခန့် ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ။

### ရန်ကုန် တားဆီး/ ဖမ်းဆီးမှု




၅-၉-၂၀၂၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာန မှ မုတ္တမ (ရွှေပြည်သာ) ဆိပ်ကမ်းတွင် ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဝင်ရောက်ဆိုက်ကပ်လာသော MV. Shwe Kain Nayi ရေယာဉ်အား စစ်ဆေးခဲ့ရာ ကုန်ပါစာရင်းချုပ် (Manifest) တွင် ဖော်ပြထားခြင်းမရှိသော (Sandals (ဖိနပ်) (1 x 6 x 30) Pairs, 6840 Pairs, C/O – Thailand အပါအဝင် ကုန်ပစ္စည်း (၁၉) မျိုး၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် (၅၂၁,၁၄၆,၃၃၄/-) အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ် ၊ စက်တင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၁၈၄၈၀.၃၄၇ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ။

**နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု**



၁၈-၇-၂၀၂၅ ရက်နေ့ ၁၆:၄၀ နာရီ အချိန်ခန့်တွင် ကရင်ပြည်နယ်အတွင်း အကောက်ခွန်မဲ့ ပစ္စည်းများ ဖြတ်သန်းမှုမရှိစေရေး ပူးပေါင်းအဖွဲ့စုံဖြင့် ရှောင်တခင်စစ်ဆေးဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ်၊ သာယာကုန်း ကျေးရွာရှိ ကုန်တင်ယာဉ်များ ရပ်နားထားသည့် ကားဝန်းနေရာတွင် တွဲယာဉ် (၂၀) စီး၊ ၁၂ ဘီး ယာဉ် (၃၀) စီး၊ စုစုပေါင်း (၅၀) စီးအား စစ်ဆေးတွေ့ရှိရသဖြင့် အမှတ် (၄) ရပ်ကွက်၊ သီရိလမ်းရှိ သီရိကွင်းနှင့် ရဲသာ(ယာယီ) ယာဉ်စစ်ဆေးရေးကွင်းတို့သို့ ရွှေ့ပြောင်းထိန်းသိမ်း၍ ၂၃-၈-၂၀၂၅ ရက်နေ့မှစ၍ ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး မှ ရဲမှူးကြီး အေးသိန်း ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဖြင့် ရဲသာ (ယာယီ) ယာဉ် စစ်ဆေးရေးကွင်း၌ ယာဉ်အမှတ် - 5N/2671 အား စစ်ဆေးမှုဆောင်ရွက်ခဲ့ရာ အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Air Conditioner (outdoor unit only)Brand: DaikinModel: R32 (Super Inverter) Power : 220V- 50 Hz Weight: 58 kg CO: Not Found အပါအဝင် (၃၃) မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် (၁၁၁,၁၂၂,၀၀၀/-) အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ် ၊ စက်တင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၁၈၄၈၀.၃၄၇ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### နယ်မြေများတွင်တားဆီး/ဖမ်းဆီးမှု




MOND Cigarettes




DUNHILL Cigarettes




ESSE LIGHT Cigarettes





ZUMERRET Cigarettes

၂၀-၈-၂၀၂၅ ရက်နေ့ ၁၄း၃၀ နာရီအချိန်ခန့်တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဖြင့် တောင်ကြီးမြို့နယ်၊ ပလီလင်းကျေးရွာ၊ တောင်ကြီး-ဇလဲသွား ကားလမ်းနံဘေး ဂိုဒေါင်အား ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသော MOND Cigarettes (1 x 10 Pcs x 50 Ctns) C/O-U.A.E (1429) Box၊ အပါအဝင် ကုန်ပစ္စည်း(၄)မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုး ကျပ် (၁,၈၂၆,၂၅၀,၀၀၀/-) အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ် ၊ စက်တင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၁၈၄၈၀.၃၄၇ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### ထူးခြားဖမ်းဆီးမှု



မူဆယ်မြို့နယ် ၆-၉-၂၀၂၅ ရက်နေ့ ၁၆:၀၀ နာရီအချိန်တွင် ဆင်ဖြူစစ်ဆေးရေးဂိတ်၌ ပိုင်ရှင်မဲ့ တရုတ်နံပါတ်တပ် (NW-1321) Mitsubishi Pajero (အပြာရောင်) ယာဉ်အား တာဝန်ကျပူးပေါင်း အဖွဲ့များဖြင့် စစ်ဆေးရာ ကျောက်စိမ်းဟုယူဆရသော ကျောက်ဖြင့်ပြုလုပ်ထားသည့် လည်ဆွဲပုတီး (ဆိုဒ်စုံ၊ အရွယ်စုံ၊အရောင်စုံ) (12KG) အပါအဝင်ပစ္စည်း (၆) မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ် (၇၇၃,၀၀၀/-) အား အမှုတွဲ ဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန မှ ၂၀၂၅ ခုနှစ် ၊ စက်တင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် ( ၁၁၈၄၈၀.၃၄၇ ) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိ

### ထူးခြားဖမ်းဆီးမှု



မူဆယ်မြို့နယ် ၇-၉-၂၀၂၅ ရက်နေ့ ၁၆:၀၀ နာရီအချိန်တွင် ဆင်ဖြူစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့များဖြင့် ယာဉ်များအားစစ်ဆေးရာ 1D-5575 Toyota Crown (အဖြူရောင်) ယာဉ်ပေါ်တွင် ကျောက်စိမ်းဟုယူဆရသည့် ကျောက်အရိုင်းတုံး၊ ကျောက်ဖြတ်စ၊ ကျောက်ပုတီးစေ့ နှင့် ကျောက်လက်ကောက်ကွင်းများ တွေ့ရှိရသဖြင့် ယာဉ်မောင်းဖြစ်သူ ဦးဇော်မင်းထွန်း၊ ၉/သစန (နိုင်) ၁၃၆၅၃၀ အား မူဆယ်မြို့မရဲစခန်းသို့ အရေးယူဆောင်ရွက်နိုင်ရန် လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျောက်စိမ်းဟု ယူဆရသော ကျောက်အရိုင်းတုံး (အကြီး) (ဆိုဒ်စုံ၊ အရွယ်စုံ)(50KG) အပါအဝင် ပစ္စည်း (၅) မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုး ကျပ် (၃,၄၅၀,၀၀၀/-) အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။